# ရေရှည်တည်တံ့သော စိုက်ပျိုးရေးနှင့်ကျေးလက်ဒေသ အသက်မွေးဝမ်းကြောင်းပညာပေးဆိုင်ရာ လမ်းညွှန်




## ရုပ်မြင်သံကြားအစီအစဉ်အတွဲ (၃)

### ရခိုင်ကမ်းရိုးတန်းဒေသသဘာဝပတ်ဝန်းကျင်နှင့် ဒီရေတောထိန်းသိမ်းခြင်း (ဂွမြို့နယ်၊ ရခိုင်မြို့နယ်)

International Development
Australian Broadcasting Corporation

# ရေရှည်တည်တံ့သော စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသ အသက်မွေးဝမ်းကြောင်းပညာပေးဆိုင်ရာ လမ်းညွှန်

## ရုပ်မြင်သံကြားအစီအစဉ်အတွဲ (၃)။ ။ ရခိုင်ကမ်းရိုးတန်းဒေသသဘာဝပတ်ဝန်းကျင်နှင့် ဒီရေတောထိန်းသိမ်းခြင်း (ဂွမြို့နယ်၊ ရခိုင်မြို့နယ်)

## မိတ်ဆက်နိဒါန်း

ရခိုင်ပြည်နယ်ရှိ ဂွမြို့နယ်နဲ့ ကျောက်ဖြူမြို့နယ်ရှိ ကျေးရွာများတွင် နိုင်ငံတကာအဖွဲ့အစည်းတစ်ခုဖြစ်သော Livelihood and Food Security Trust Fund (LIFT FUND) ၏အကူအညီဖြင့် ဒီရေတောထိန်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်နေသည့်အကြောင်း ရိုက်ကူးထားသည့် ရုပ်မြင်သံကြားဇာတ်လမ်းနှင့်တွဲဖက်ပြီး အသုံးပြုရန် ဤလှုပ်ရှားရုပ်ပုံ လမ်းညွှန်စကားဝိုင်း ဆွေးနွေးပွဲလမ်းညွှန်ကို ပြုစုထားခြင်း ဖြစ်ပါသည်။ မြန်မာနိုင်ငံ ကမ်းရိုးတန်းဒေသများရှိ ဒီရေတောများအနီး နေထိုင်ကြသော ဒေသခံရေလုပ်သားများအနေဖြင့် ဒီရေတောထိန်းသိမ်းခြင်းနှင့် ရေထွက်သယံဇာတများ ပေါ်ကြွယ်ဝ အကြား အပြန်လှန်ဆက်စပ်မှုနှင့် ရေရှည်တည်တံ့သော ငါးဖ ငါးဖမ်းလုပ်ငန်းကို အထောက်အပံ့ဖြစ်စေသော သတင်း အချက်အလက်များနှင့် ဗဟုသုတများ တိုးပွားရရှိစေရန်နှင့် ဆွေးနွေးပွဲတွင် ပါဝင်ပြီးနောက် ၎င်းတို့၏ သဘောထား အလေ့အကျင့်များ ပြောင်းလဲ တိုးတက်လာစေရန် ရည်ရွယ်ပါသည်။

## ရည်ရွယ်ချက်များ

ဤဆွေးနွေးခန်းအစီအစဉ်ပြီးသည့်နောက် ပါဝင်ဆွေးနွေးသူများသည် ဒီရေတောထိန်းသိမ်းခြင်းဖြင့် ရရှိသော အကျိုးကျေးဇူးများနှင့်ပတ်သတ်သည့် သတင်းအချက်အလက်နှင့် ဗဟုသုတများရရှိပြီး၊ အောက်ပါရည်ရွယ်ချက်များအတိုင်း သဘောထား အလေ့အကျင်များ ပြောင်းလဲတိုးတက်လာစေမည်။

၁။ ဒီရေတောများကို ကာကွယ်စောင့်ရှောက်ခြင်းနှင့် ငါးသယံဇာတ အရင်းအမြစ်များ ထိန်းသိမ်းခြင်းအကြား အပြန်အလှန်ဆက်စပ်မှုကို လေ့လာသိရှိပြီး မိမိဒေသ၏ပတ်ဝန်းကျင်ကို ထိန်းသိမ်းတတ်လာစေရန်။

၂။ ငါးသယံဇာတ အရင်းအမြစ်များ ထိန်းသိမ်းခြင်းက ရေရှည်တည်တံ့သောငါးဖမ်းလုပ်ငန်းအတွက် အထောက် အပံ့ဖြစ်စေကြောင်း သိမြင်နားလည်၍ ငါးဖမ်းခြင်းဆိုင်ရာ အလေ့အကျင့်ကောင်းများ ကျင့်သုံး ဆောင်ရွက်တတ် လာစေရန်။

၃။ ကျေးရွာလူညှ့်ပတ်ရံပုံငွေထူထောင်၍ လူမှုစီးပွားဘဝတိုးတက်စေရန် ဆောင်ရွက်နေမှုများကို လေ့လာ၍ နည်းလမ်း ရှာဖွေဆောင်ရွက်တတ်လာစေရန်

**ဦးဆောင်ဆွေးနွေးသူ။** ။ အစိုးရဌာနများမှ ဝန်ထမ်းများ သို့မဟုတ် အရပ်ဖက်အဖွဲ့အစည်းများမှ ဝန်ထမ်းများ
**ဆွေးနွေးမည့်နည်းစနစ်။** ။ အုပ်စုဖွဲ့ဆွေးနွေးခြင်း (လက်ဖက်ရည်ကြမ်းစကားဝိုင်း)
**ဆွေးနွေးပွဲတွင်ပါဝင်သူ။** ။ ၅ ဦး အနည်းဆုံး (လယ်သမား၊ လယ်ယာလုပ်သား၊ ကျေးရွာသူကျေးရွာသား)
**ကြာမည့်အချိန်။** ။ ၁ နာရီ ၅၀ မိနစ်
**လိုအပ်သောပစ္စည်း။** ။ DVD Player ၊ ပိုစတာဆိုဒ် စာရွက်အကြီး၊ Marker ၊ မှတ်စုစာအုပ်နှင့် ဘောပင်

## ဆွေးနွေးပွဲ အစီအစဉ်

**အခန်း ၁။ ။ မိတ်ဆက်ခြင်း (၁၀ မိနစ်)**

- ဦးဆောင်ဆွေးနွေးသူက ဆွေးနွေးပွဲသို့ တတ်ရောက်လာသူများ အချင်းချင်းကို မိတ်ဆက်ပေးခြင်းဖြင့် ဆွေးနွေးပွဲကို စတင်ပါ။ (တစ်ဦးချင်း ၎င်းတို့၏နေရပ်လိပ်စာနှင့် အသက်မွေးဝမ်းကြောင်း လုပ်ငန်းကို ပြောပါစေ။)

- ဆွေးနွေးပွဲသို့ တတ်ရောက်လာသူများ ရင်းနှီးစွာ မေးမြန်းဆွေးနွေးနိုင်ကြောင်း တိုက်တွန်းပါ။

- ဦးဆောင်ဆွေးနွေးသူက ပါဝင်ဆွေးနွေးသူတစ်ဦးချင်းစီကို ဤဆွေးနွေးပွဲမှ ရရှိလာမည့် မျှော်လင့်ထားသော တစ်စုံတစ်ရာ ရှိမရှိကို မေးမြန်း၍ ဆွေးနွေးစေပါ။ ဦးဆောင်ဆွေးနွေးသူသည် အထက်တွင် ဖော်ပြထားသော ရည်ရွယ်ချက်များကို ရှင်းလင်းပြပြီး၊ ဆွေးနွေး ပွဲ အစီအစဉ်ကို ရှင်းလင်းပြပါ။

**အခန်း ၂။ ။ ပူးပေါင်းစဉ်းစားခြင်း (၁၅ မိနစ်)**

- မိတ်ဆက်ခြင်းပြီးနောက် ဦးဆောင်ဆွေးနွေးသူသည် ပါဝင်ဆွေးနွေးသူများ လိုအပ်သော သတင်းအချက် အလက်များကို ပဏာမသိရှိနိုင်ရန် အောက်ပါ ယေဘူယျဆန်သော မေးခွန်းများ မေးခြင်းဖြင့် တစ်ဦး ချင်းကို စူးစမ်းလေ့လာ ကြည့်ပါ။
(က) လက်ရှိ အသက်မွေးဝမ်းကြောင်းလုပ်ငန်းအပေါ် သင့်အနေဖြင့် ကျေနပ်မှုရှိပါသလား။

(ခ) ဤဒေသမှ ရေလုပ်သားများ အဓိက ရင်ဆိုင်ရသည့် အခက်အခဲများက အဘယ်နည်း။

(ဂ) အသက်မွေးဝမ်းကြောင်းလုပ်ငန်းသစ်များကို သင်ယူလေ့လာရန်နှင့် စမ်းသပ်ရန် စိတ်ဝင်စားပါ သလား။

(ဃ) သင်၏အသက်မွေးဝမ်းကြောင်းလုပ်ငန်းနှင့် ဝင်ငွေတိုးတက်ကောင်းမွန်စေရန် မည်သည့် သတင်းအချက်အလက်များ လိုအပ်မည်နည်း။

**ဦးဆောင်ဆွေးနွေးသူအတွက် မှတ်စု (၁)**

- အခန်း (၁) တွင် ဆွေးနွေးပွဲသို့ လာရောက်သူများသည် ဤဆွေးနွေးပွဲ၏ ရည်ရွယ်ချက်များနှင့် ဆွေးနွေး ပုံနည်းလမ်းကို သိရှိပြီ ဖြစ်သည်။
- အခန်း (၂) ၏ ရည်ရွယ်ချက်မှာ ပါဝင်ဆွေးနွေးမည့်သူများ တစ်ဦးနှင့်တစ်ဦး ပိုမိုရင်းရင်းနှီးနှီး ဖြစ်စေရန်နှင့် ဆွေးနွေးဖလှယ်လိုစိတ်များ ဖြစ်ပေါ်လာစေရန် နှိုးဆွပေးရန် ဖြစ်သည်။
- ထိုသို့ဆောင်ရွက်ခြင်းဖြင့် ပါဝင်ဆွေးနွေးသူများက ၎င်းတို့နေ့စဉ်ဘဝအတွက် မည်သည့် သတင်းအချက် အလက်များ လိုအပ်နေကြောင်းကို ဦးဆောင်ဆွေးနွေးသူက နားလည်နိုင်မည် ဖြစ်သည်။
- အထက်ပါ မေးခွန်း (၄) ခုကို ဆွေးနွေးရာတွင် မေးခွန်းတစ်ခုမေးပြီးတိုင်း ပါဝင်ဆွေးနွေးသူ တစ်ဦးချင်းစီ၏ အဖြေများကို စာရွက်ချပ်အကြီးပေါ်တွင် ဦးဆောင်ဆွေးနွေးသူက ရေးမှတ်ရပါမည်။ ဤအဆင့်တွင် ပြန်လှန်ဆွေးနွေးခြင်း မပြုရပါ။

**အခန်း ၃။ ။"ရခိုင်ကမ်းရိုးတန်းဒေသသဘာဝပတ်ဝန်းကျင်နှင့်ဒီရေတောထိန်းသိမ်းခြင်း" ရုပ်မြင်သံကြားဇာတ်လမ်း အစီအစဉ်ကို ကြည့်ရှု့လေ့လာခြင်း (၃၀ မိနစ်)**

- ဦးဆောင်ဆွေးနွေးသူသည် ဤတီဗွီအစီအစဉ် အကြောင်းအရာကို အကျဉ်းမျှရှင်းပြပါ။ ထိုသို့ရှင်းပြရာ တွင် အောက်ပါအချက်များ ပါဝင်ပါစေ။

  "ဤတီဗွီအစီအစဉ်သည် ဖွမြို့နယ်အတွင်းရှိ ကံပူကျေးရွာ ဒေသခံရေလုပ်သားများ ဒီရေတောများထိန်းသိမ်းခြင်း စီမံကိန်းတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် ဘဝအခြေအနေ တိုးတက်မှုများအကြောင်း ရိုက်ကူးတင်ဆက်ထားခြင်း ဖြစ်ပါသည်။ ထိုဒေသရှိ ရေလုပ်သားများသည် နိုင်ငံတကာအဖွဲ့အစည်း တစ်ခု၏ အကူအညီဖြင့် ဒီရေတောထိန်းသိမ်းခြင်း လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်မှုများကြောင့် ငါးသယံဇာတများ ပေါကြွယ်ဝလာစေပြီး ငါးဖမ်းလုပ်ငန်း ရေရှည်တည်တံ့ တိုးတက်ကောင်းမွန် လာပုံအကြောင်း တင်ပြထားခြင်း ဖြစ်ပါသည်။"

- ထိုနောက် ရုပ်မြင်သံကြားဇာတ်လမ်းအစီအစဉ်ကို ဖွင့်ပြပြီး၊ သေချာအာရုံစိုက် ကြည့်ရှု့လေ့လာရန် တိုက်တွန်းပါ။ ကြည့်ရှု့စဉ်အတွင်း ၎င်းတို့မေးမြန်းဆွေးနွေးလိုသော အကြောင်းအရာများကို စဉ်းစားထားရန် တိုက်တွန်းပါ။

- ရုပ်မြင်သံကြားအစီအစဉ်ကို ကြည့်ရှု့ပြီးနောက် ဦးဆောင်ဆွေးနွေးသူက ကြည့်ရှု့သူတစ်ဦးချင်းစီကို ၎င်းတို့၏ မှတ်မိသမျှ သတင်းအချက်အလက်များအား မေးမြန်း၍ မှတ်တမ်းတင်ပါ။

**အခန်း ၄။ ။ ရုပ်မြင်သံကြားအစီအစဉ် ကြည့်ရှု့ပြီးနောက် လေ့လာတွေ့ရှိချက်များကို ဆွေးနွေးခြင်း (၄၅ မိနစ်)**

- ဤရုပ်မြင်သံကြားဇာတ်လမ်းကို ကြည့်ရှု့ပြီးနောက် မည်သည့်သတင်းအချက်အလက်များ လေ့လာရရှိခဲ့ သည်ကို ပါဝင်ဆွေးနွေးသူများနှင့် အုပ်စုဖွဲ့ဆွေးနွေးပါ။ ဇာတ်လမ်းမှ ၎င်းတို့ မြင်ခဲ့ကြားခဲ့ သမျှအပေါ် မေးခွန်း မေးမြန်းနိုင်ရန် အခွင့်အရေးပေးပါ။

- ပါဝင်ဆွေးနွေးသူများအတွက် အရေးကြီးသော ရုပ်မြင်သံကြားဇာတ်လမ်းအပေါ် ဆွေးနွေးချက်များကို စနစ်တကျ ပြန်လည်ဆွေးနွေးနိုင်ရန် ဦးဆောင်ဆွေးနွေးသူကို အထောက်အပံ့ဖြစ်စေမည့် အချက်များကို အောက်တွင် ဖော်ပြထားပါသည်။

- ပါဝင်ဆွေးနွေးသူများ၏ အရပ်ဒေသနှင့် အသက်မွေးဝမ်းကြောင်း လိုအပ်ချက်ကိုလိုက်၍ အပိုင်းအားလုံးကို သော်လည်းကောင်း၊ အသင့်လျော်ဆုံးအပိုင်းများကို ရွေးချယ်၍ သော်လည်း ကောင်း ဆွေးနွေးပါ။ ဆွေးနွေးချက်များကို နောက်ဆက်တွဲ (၁) ဆွေးနွေးချက်မှတ်စုပုံစံ ကိုသုံး၍ မှတ်တမ်းတင်ပါ။

**အပိုင်း (၁)။** ။ ဒီရေတောများထိန်းသိမ်းရန်နှင့် ဒေသလူမှုစီးပွားဘဝတိုးတက်ရန် LIFT FUND ၏ အကူအညီဖြင့် ဆောင်ရွက်မှုများ

| အဓိကကျသော သတင်းစကားများ |
|---|
| လူမှု လူ့ဘဝ မြင့်တင်ဖို့ ပတ်ဝန်းကျင်ကို ထိန်းသိမ်းစို့<br>LIFT ရံပုံငွေက အာမခံချက်ရ အိုးပိုင်လေ့ပိုင် နေနိုင်ကြ |

(၁) ပင်လယ်ကမ်းရိုးတမ်းဒေသက ဒီရေတောများ ထိန်းသိမ်းခြင်းစီမံကိန်းကြောင့် ရရှိလာသည့် အကျိုးကျေးဇူးများက အဘယ်နည်း။

**ဦးဆောင်ဆွေးနွေးသူအတွက်မှတ်စု။** ။ (၁) မုန်တိုင်းကဲ့သို့ သဘာဝဘေးအန္တရာယ်များဒဏ်မှ ကာကွယ်ပေးခြင်း၊ (၂) ဒီရေတောနှင့်ဆက်စပ်သော သဘာဝဂေဟစနစ်ကို ရှင်သန်ဖွံ့ဖြိုးစေခြင်း၊ (၃) ငါးသယံဇာတများ ပေါက်ဖွားရာနေရာဖြစ်၍ ငါးပုဇွန်ပေါများကြွယ်ဝခြင်း၊ (၄) ဒေသခံ ရေလုပ်သားများအတွက် ရေလုပ်ငန်းရေရှည်တည်တံ့ရေးနှင့် ဝင်ငွေတိုးပွားရေးကို အထောက်အကူပြုခြင်း။

(၂) ဒီရေတောများထိန်းသိမ်းရန် မည်သူတွေက ကူညီဆောင်ရွက်နေကြ သနည်း။

**ဦးဆောင်ဆွေးနွေးသူအတွက်မှတ်စု။** ။ (၁) နိုင်ငံတကာအဖွဲ့အစည်းတစ်ခုဖြစ်သော LIFT FUND က ငွေကြေးနှင့် နည်းပညာထောက်ပံ့ကူညီမှုများ ပေးခြင်း၊ (၂) ဒေသခံ ဒီရေတောထိန်းသိမ်းရေးအသင်းအဖွဲ့က ပညာပေးဦးဆောင်မှုပြုခြင်း၊ (၃) ဒေသခံရေလုပ်သားများက ဒီရေတော ထိန်းသိမ်းခြင်းတွင် ပါဝင်ဆောင်ရွက်ခြင်း။

(၃) ဒီရေတောထိန်းသိမ်းရေးတွင် ပါဝင်ဆောင်ရွက်မှုကြောင့် ကံငူကျေးရွာရှိ ရေလုပ်သားများ မည်သည့်အကျိုးကျေးဇူးများ ရရှိခဲ့သနည်း။

**ဦးဆောင်ဆွေးနွေးသူအတွက်မှတ်စု။** ။ (၁) LIFT FUND အကူအညီဖြင့် ထူထောင်ထားသော ကျေးရွာလှည့်ပတ်ရံပုံငွေမှ အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ တိုးတက်ကောင်းမွန်ရေးအတွက် ချေးငွေရယူနိုင်ခြင်း၊ (၂) ငါးဖမ်းလုပ်ငန်း အသက်မွေးဝမ်းကြောင်းနှင့် ဒီရေတောစောင့်ရှောက်ရေးကို တွဲဖက်လုပ်ကိုင်နိုင်ရန် ရေလုပ်သားများ လေ့ဝယ်ယူနိုင်ခြင်း။

**အပိုင်း (၂)။** ။ ဒီရေတောများတည်ရှိခြင်းနှင့် နောက်ဆက်တွဲအကျိုးဆက်များ

| အဓိကကျသော သတင်းစကားများ |
|---|
| ဒီရေတောပြုန်း သဘာဝဆိုး ဒေသတွက် အရှုံး<br>သစ်ခုတ်တောပျက် ငါးစားကျက်ခက် တံငါသည်ဘဝပျက် |

(၁) ယခင်က ဂွမြို့နယ်အတွင်းရှိ ဒီရေတောများ အခြေအနေ မည်ကဲ့သို့ ရှိခဲ့သနည်း။

**ဦးဆောင်ဆွေးနွေးသူအတွက်မှတ်စု။** ။ (၁) ဒီရေတောများကို ခုတ်ပြီး စီးပွားဖြစ် မီးသွေးဖုတ်၍ ရန်ကုန်မြို့သို့ တင်ပို့ခြင်းကြောင့် တောပြုန်းလာပြီး ဂေဟစနစ်ကြီး ပျက်စီးလာခြင်း (၂) ဒီရေတောပြုန်းတီးလာသဖြင့် ငါးသားပေါက်ရာနေရာများ ပျက်စီးလာခြင်းကြောင့် ငါးပုဇွန်များ ရှားပါးလာခြင်း၊ (၃) မုန်တိုင်းများနှင့် ဆူနာမီလှိုင်းများကဲ့သို့ သဘာဝဘေးအန္တရာယ်များကို အကာအကွယ်ပေးသည့် သဘာဝ အရံအတားကြီး ပျက်စီးခြင်း။

(၂) **ယခုအခါ ဒီရေတောများ ထိန်းသိမ်းစောင့်ရှောက်မှု အခြေအနေ မည်ကဲ့သို့ရှိသနည်း။**

**ဦးဆောင်ဆွေးနွေးသူအတွက်မှတ်စု။ ။ ဒီရေတောများအနီးရှိ ကျေးရွာများ၏ ပူးပေါင်း ဆောင်ရွက်မှုဖြင့် အပင်များပြန်လည်စိုက်ပျိုးနိုင်ခြင်း၊ ဒီရေတောထိန်းသိမ်းမှုများ အောင်မြင်လာသလို ငါးပုဇွန်များ ပြန်လည်ပေါများလာသည်။**

အပိုင်း (၃)။ ။ ရပ်ရွာအခြေပြု ဒီရေတောများ ထိန်းသိမ်းရေးလုပ်ငန်းနှင့် စိန်ခေါ်မှုများ

| |
|---|
| <u>အဓိကကျသော သတင်းစကားများ</u> |
| <u>ငါးဖမ်းဥပဒေ လိုက်နာကြ သတ်မှတ်ပိုက်ကွန် အချိုးကျ</u><br><u>လိုက်နာစည်းကမ်း မပျက်ကွက် ရေလုပ်သားအတွက် အကျိုးဆက်</u> |

(၁) ဝ နှင့် ကျိုက္ကလီဒေသတွင် ဒီရေတောများထိန်းသိမ်းခြင်းကို မည်သူတွေက မည်သည့်အချိန်က စတင်ဆောင်ရွက်ခဲ့ကြသနည်း။

**ဦးဆောင်ဆွေးနွေးသူအတွက်မှတ်စု။ ။** (၁) ဒေသခံများဖြင့် ဖွဲ့စည်းထားသော ရခိုင်ကမ်းရိုးတန်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအသင်းက ၂၀၀၆ - ၂၀၀၇ ခုနှစ်ကစပြီး ဒီရေတော ထိန်းသိမ်းခြင်းကို တစ်နိုင်တစ်ပိုင်လုပ်ဆောင်ခဲ့သည်။ (၂) ၂၀၁၀ ခုနှစ်နောက်ပိုင်း (ဆိုင်ကလုံး ဂရိမုန်တိုင်း တိုက်ခတ်သည့်နှစ်) နိုင်ငံတကာ အဖွဲ့အစည်းများ၏ အကူအညီဖြင့် ပို၍ကျယ်ပြန့်စွာ လုပ်ဆောင်လာနိုင်သည်။ (၃) လက်ရှိတွင် ဒီရေတော ဧက (၈၀၀၀) ကျော်နှင့် ဓနိတော ဧက (၄၀၀၀) ကျော် စုစုပေါင်း ဧက (၁၂၀၀၀) ကျော်ကို ထိန်းသိမ်းထားနိုင်ခြင်း၊ (၄) ဒီရေတောအတွင်း သစ်ပင်ပေါင်း (၅) သန်းခန့် ပြန်လည်စိုက်ပျိုးနိုင်ခြင်း။

(၂) ဒီရေတောများကို မည်ကဲ့သို့ ပြန်လည်ပျိုးထောင်ခဲ့ သနည်း။

**ဦးဆောင်ဆွေးနွေးသူအတွက်မှတ်စု။ ။** (၁) ဒီရေတောတွင် ပေါက်ရောက်သောအပင်မှ ပြုတ်သီးတောင့် အရင့်များကို ခူးယူ၍ အပင်မရှိသော သို့မဟုတ် အပင်ကျဲသောနေရာများတွင် ပြန်စိုက်ပျိုးခြင်း၊ (၂) ဒီရေတောအတွင်းရှိ အပင်များ အလင်းရောင်ရရှိပြီး ကြီးထွားမှုမြန်စေရန် ၎င်းတို့အပေါ်တွင် ဖုံးအုပ်နေသော ခြုံနွယ်များကို ရှင်းလင်းပေးခြင်း။

(၃) ဒီရေတောထိန်းသိမ်းခြင်းတွင် ဒေသခံကျေးရွာများ မည်ကဲ့သို့ ပါဝင်ဆောင်ရွက်နေသနည်း။

**ဦးဆောင်ဆွေးနွေးသူအတွက်မှတ်စု။ ။** (၁) ဒီရေတောနှင့်ထိစပ်နေသော ကျေးရွာပေါင်း (၄၂) ရွာတွင် ဒီရေတောထိန်းသိမ်းရေး ကော်မတီများဖွဲ့စည်း ထူထောင်ခြင်း၊ (၂) ကျေးရွာတစ်ရွာစီက ထိန်းသိမ်းစောင့်ရှောက်ရမည့် ဒီရေတောကို နယ်နမိတ်သတ်မှတ်ခြင်း၊ (၃) ဒီရေတောအတွင်း ငါးဖမ်းခြင်းဆိုင်ရာ စည်းမျဉ်းများချမှတ်ခြင်း (ဥပမာ ပိုက်ကွန်အစိပ်အကျဲသတ်မှတ်ခြင်း)၊ (၄) ဒေသခံများကို ဒီရေတော ထိန်းသိမ်းခြင်း၏ အကျိုးကျေးဇူးများအား ပညာပေးသင်တန်းပေးခြင်း၊ (၅) ဒီရေတောအတွင်းရှိ ခြုံ နွယ်များရှင်းလင်းခြင်းကို ပုံမှန်လုပ်ဆောင်ခြင်း။

## အပိုင်း (၄)။ ။ ဒီရေတောများအပေါ် ဒေသခံများ၏ အမြင်သဘောထား ပြောင်းလဲမှု

| အဓိကကျသော သတင်းစကားများ |
| --- |
| ဒီရေတောများ ပျက်လို့သွား သားငါးပုဇွန်ရှား<br>ငါးပုဇွန်တွေ ပေါ်ကြွယ်ဖို့ ဒီရေတောကို ထိန်းသိမ်းစို့ |

(၁) ဒီရေတောထိန်းသိမ်းခြင်းလုပ်ငန်းက ဒေသခံများ၏အမြင်သဘောထားကို မည်သို့ပြောင်းလဲခဲ့သနည်း။

**ဦးဆောင်ဆွေးနွေးသူအတွက်မှတ်စု။ ။** (၁) **ဒီရေတောနှင့် ငါးသယံဇာတ ပေါများမှုအကြား ဆက်စပ်မှုကို ကောင်းစွာလက်ခံသိရှိလာခြင်း၊** (၂) **ဒီရေတောများကို ရပ်ရွာအခြေပြု စုပေါင်းစီမံခန့်ခွဲမှု လုပ်ဆောင်သည့်အခါ ဒေသခံများ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများ လိုအပ်သည်ကို လက်ခံလာခြင်း၊** (၃) ရခိုင်ပြည်နယ် ရေချိုငါးလုပ်ငန်း ဉပဒေက **ဒီရေတောများ ကာကွယ်စောင့်ရှောက်မှုကို အထောက်အကူပြုသည့်အချက်ကို လက်ခံလာခြင်း။**

## အခန်း ၅။ ။ ဆွေးနွေးပွဲ၏ အကျိုးသက်ရောက်မှုကို သုံးသပ်လေ့လာခြင်း (၁၀ မိနစ်)

- ဤဆွေးနွေးပွဲ မပြီးဆုံးမီ ဦးဆောင်ဆွေးနွေးသူသည် ဆွေးနွေးပွဲအကြောင်းအရာအပေါ် ပါဝင်ဆွေးနွေး သူများ၏ အပြုအမူ သဘောထား မည်ကဲ့သို့ရှိပုံကို အောက်ပါ မေးခွန်းများ မေးမြန်း၍ အကဲဖြတ် လေ့လာရန် ဖြစ်သည်။

    - ဤရုပ်မြင်သံကြားအစီအစဉ်ကို ကြည့်ရှုခြင်းဖြင့် မည်သည့် သတင်းအချက်အလက်များ ရရှိခဲ့ပါ သနည်း။ ထိုသတင်းအချက်အလက်များသည် သင့်အတွက် အသုံးဝင်ပါသလား။ အဘယ် ကြောင့်နည်း။

    - သင်၏ အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ ပိုမိုတိုးတတ် ကောင်းမွန်ရေးအတွက် အခြား မည်သည့် သတင်းအချက်အလက်များ လိုအပ်ပါသနည်း။

- ဒေသခံပြည်သူများသည် ၎င်းတို့လိုအပ်သော သတင်းအချက်အလက်များ ဆက်လက်ရရှိစေရန် အထက်ပါမေးခွန်းများ၏ အဖြေများကို အခြားပညာပေးလုပ်ငန်းများအတွက် ပြန်လည်အသုံးချနိုင်ရန် မှတ်တမ်းထားရှိပါ။

**ဦးဆောင်ဆွေးနွေးသူအတွက် မှတ်စု (၂)**

ရုပ်မြင်သံကြားအစီစဉ်တစ်ခုကို အသုံးပြု၍ စကားဝိုင်းဆွေးနွေးပွဲတစ်ခု ပြင်ဆင်ရာတွင် ဦးဆောင်ဆွေးနွေး သူသည် အောက်ပါတို့ကို ကြိုတင် ပြင်ဆင်ထားရန် လိုအပ်သည်။

- ✓ ရုပ်မြင်သံကြားအစီအစဉ်ပါ အကြောင်းအရာအတွက် သင့်လျော်သော် နားထောင်သူအုပ်စုကို ကြိုတင် စုစည်းထားပြီး၊ ဆွေးနွေးပွဲမတိုင်မီ ၎င်းတို့အား ကြိုတင်အကြောင်းကြားထားရန်။
- ✓ အကယ်၍ နားထောင်သူအုပ်စုသည် တိုင်းရင်းသားများဖြစ်ပြီး ဦးဆောင်ဆွေးနွေးသူသည် ဒေသဘာသာစကားကို မပြောနိုင်ပါက ဒေသခံဘာသာစကား ပြောဆိုနိုင်သူတစ်ဦးကို

ဘာသာပြန်ပေးရန် ကြိုတင်ပြင်ဆင် ထားပါ။
- ✓ နားထောင်သူများ အလွယ်တကူလာရောက်နိုင်သည့် အဆင်ပြေသောနေရာတွင် လုပ်ဆောင်ရန် ဆုံးဖြတ်ပါ။
- ✓ ဆွေးနွေးပွဲတွင် အသုံးပြုမည့် ပစ္စည်းများ (ဥပမာ - TV ၊ DVD ပြစက်) ဆွေးနွေးပွဲ ကျင်းပသည့်နေရာတွင် ရရှိနိုင်ခြင်းရှိမရှိနှင့် မရရှိနိုင်ပါက ဦးဆောင်ဆွေးနွေးသူမှ ၎င်းနှင့်အတူတကွ ယူဆောင် လာရန် ဖြစ်သည်။
- ✓ ဆွေးနွေးချက်များကို မှတ်တမ်းတင်နိုင်ရန်နှင့် အနာဂတ်ဆွေးနွေးပွဲများအတွက် ပိုမိုကောင်းမွန်စွာ ဆောင်ရွက်နိုင်ရန် အသံဖမ်းစက် သို့မဟုတ် မှတ်စုစာအုပ်ဖြင့် မှတ်တမ်းတင်ရန် လိုအပ်သည်။

## ဦးဆောင်ဆွေးနွေးသူအတွက် ရည်ညွှန်းချက်

### ရခိုင်ကမ်းရိုးတန်းဒေသ သဘာဝပတ်ဝန်းကျင်နှင့်ဒီရေတောထိန်းသိမ်းခြင်း

**ခင်သူဇာနွယ် (တင်ဆက်သူ)။** ။ ရုပ်မြင်သံကြားပရိတ်သတ်များ မင်္ဂလာပါရှင်။ ကျမတို့ အခုရောက်ရှိနေတာကတော့ ရခိုင်ပြည်နယ် ဂွမြို့နယ်အတွင်းမှာဘဲ ဖြစ်ပါတယ်။ ပြောင်းလဲလာတဲ့ရာသီဥတုနဲ့ လိုက်လျော်ညီထွေရှိစေမယ့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းတွေကို လုပ်ဆောင်တဲ့အခါမှာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ သဘာဂေဟစနစ်ထိန်းသိမ်းရေးလုပ်ငန်းတွေဟာလည်း တစ်ခုအပါအဝင်ဘဲ ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်အတွင်းမှာ ရှိနေတဲ့ ရေလုပ်သားတွေအနေနဲ့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနဲ့ ဒီရေတောထိန်းသိမ်းရေး လုပ်ငန်းတွေမှာ ပါဝင်ဆောင်ရွက်လာတာ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ သဘာဝပတ်ဝန်းကျင်ကောင်းမွန်တာတွေကို ခံစားရမှာဖြစ်တဲ့အပြင် ရေသယံဇာတ ပေါကြွယ်ခြင်းဟာလည်းဘဲ စားနပ်ရိက္ခာဖူလုံရေးကို အထောက်အကူဖြစ်စေတယ်ဆိုတဲ့ အကြောင်းအရာတွေကို ရိုက် ကူးတင်ဆက်ပေးသွားမှာဘဲ ဖြစ်ပါတယ်ရှင်။

#### အပိုင်း (၁) ဒီရေတောများထိန်းသိမ်းရန်နှင့် ဒေသလူမှုစီးပွားဘဝတိုးတက်ရန် LIFT FUND ၏ အကူအညီဖြင့် ဆောင်ရွက်မှုများ

**အောင်ကျော်မိုး (သတင်းထောက်)။** ။ ရုပ်မြင်သံကြား ပရိသတ်များခင်ဗျာ။ အဖိုးတန် သဘာဝ သယံဇာတတွေ ပေါများကြွယ်ဝတဲ့ ကျွန်တော်တို့နိုင်ငံမှာ ကုန်းမြေဇရိယာတွေ ကျယ်ဝန်းသလို မြစ်၊ ချောင်း၊ အင်းအိုင်၊ ပင်လယ် သမုဒ္ဒရာတွေနဲ့ ထိစပ်နေတဲ့ ကမ်းရိုးတန်းဒေသတွေလည်း တည်ရှိနေပါတယ်။ အခုတွေ့မြင်နေရတဲ့ ဒေသကတော့ ရခိုင်ပြည်နယ်၊ ဂွမြို့နယ်မှာရှိတဲ့ ပင်လယ်ကမ်းရိုးတန်း ကံဂူလို့ခေါ်တဲ့ ရွာလေးပဲ ဖြစ်ပါတယ်။ ဒီကျေးရွာလေးဟာ ရှည်လျားတဲ့ ပင်လယ်ကမ်းခြေနဲ့ထိစပ်နေတာကြောင့် ဒေသခံတွေအများစုဟာ ရေလုပ်ငန်းနဲ့ အသက်မွေးဝမ်း ကျောင်း ပြုလုပ်နေကြတာဖြစ်ပါတယ်။ ရေလုပ်ငန်းကို အဓိကထား လုပ်ကိုင်နေကြသူတွေအတွက် သဘာဝ ဒီရေတောတွေ မပျောက်ပျက်သွားအောင်လည်းထိန်းသိမ်းဖို့လိုအပ်ပါတယ်။ လက်ရှိ ရခိုင်ပြည်နယ်မှာ ငါးသယံဇာတ ထိန်းသိမ်းရေးနဲ့ သဘာဝ ဒီရေတောတွေလျော့ပါးပျက်စီးမှု မရှိအောင် သက်ဆိုင်ရာ အဖွဲ့အစည်းတွေက ကြိုးပမ်း ဆောင်ရွက် နေပါတယ်။ အဲဒီလိုဆောင်ရွက်ရာမှာ ရခိုင်ပြည်နယ်ရှိ ဂွမြို့နယ်နဲ့ **ကျိန္တလီ** မြို့နယ် မှ ကျေးရွာပေါင်း (၄၂) ရွာမှာ ၂၀၁၁ ခုနစ်ကနေ ၂၀၁၄ခုနစ် အထိ LIFT FUND က ထောက်ပံ့ငွေ ကျပ်သိန်းပေါင်း (၆၀၀၀) ကျော် အသုံးပြုပြီး ဒီရေတောထိန်းသိမ်းခြင်းလုပ်ငန်းတွေ ဆောင်ရွက်နေပါတယ်။ ကျေးရွာအသက်မွေးဝမ်းကျောင်း လုပ်ငန်း တွေကို အထောက်အကူဖြစ်စေဖို့ Clear Project စီမံကိန်းကို ဆောင်ရွက်နေခြင်း ဖြစ်ပါတယ်။ စီမံကိန်း ဧရိယာ အတွင်းရှိ ကျေးရွာတွေက ဒေသခံတွေကို လိုအပ်တဲ့အရင်းအနှီးတွေရရှိနိုင်ဖို့အတွက် အရင်းမပျောက် ကျေးရွာလည့် ပတ် ရန်ပုံငွေစနစ် တည်ထောင်ပြီး အကူအညီတွေပေးနိုင်ခဲ့ပါတယ်။

**မအိကေဇင်ထွန်း (ကျေးရွာစာရင်းကိုင်၊ ကံငူကျေးရွာ၊ ဂွမြို့နယ်၊ ရခိုင်ပြည်နယ်)။** ။ အခုလိုမျိုး ချေးငွေတွေ ရှိတဲ့အတွက် အရင်ကဆိုရင် ပိုက်ဆံ (၁) သောင်းချေးဖို့ဆိုရင် (၃ဝ) အတိုးပေးရတာ၊ (၃) သောင်းပေးရတာ၊ ခုကြ တော့ အဲဒီရဲ့ ၁ဝ ပုံ ၁ ပုံ ပဲ ပေးရတာ ၊ အရင်တုန်းကဆိုရင် ကျေးရွာမှာ လှေတို့၊ တက်တို့ မရှိဘူး။ လက်လှော် လှေတောင် မရှိဘူး။ သုံးချင်ရင် တရက်ကို (၅ဝဝ) ပေးဌားပြီး အလုပ်လုပ်ရတယ်။ အခုကျတော့ ဒီက ချေးငွေနဲ့ အရင်းအနှီး လုပ်ကိုင်ပြီးတော့ စက်လှေပိုင်တွေ၊ အိုးပိုင်အိမ်ပိုင်တွေနဲ့ပေါ့နော်၊ အိမ်ဆိုလည်း သွပ်မိုး၊ ပျဉ်ထောင်တွေ အဲဒီလိုမျိုး ဖြစ်လာတယ်။

**အောင်ကျော်မိုး။** ။ ဒီလို ဆောင်ရွက်ပေးနိုင်ခဲ့တာကြောင့် ဒီရေတော ထိန်းသိမ်းခြင်း အသိပညာတွေ ပိုမိုသိရှိလာ ပြီး ကျေးရွာ အသက်မွေးကျောင်း လုပ်ငန်းတွေဖွံ့ဖြိုးတိုးတက်လာခဲ့ပါတယ်။

**ကိုဇော်မျိုးထွန်း(ရေလုပ်သား၊ ကံငူကျေးရွာ၊ ဂွမြို့နယ်၊ ရခိုင်ပြည်နယ်)။** ။ ဒီရေတောတွေနဲ့ ပတ်သက်ပြီးသိလာတဲ့ကိစ္စ၊ နောက်ပြီး လှည့်ပတ်ရန်ပုံငွေ ဆိုတာက ကျွန်တော်ရွာမှာ အားထားရတဲ့ ဘဏ်ကြီးတစ်ခုလိုပေါ့ ကျနော်တို့ ရွာလေးက ရလိုက်တယ်။ ခက်ခဲမှုရှိသလိုပေါ့နော် ကျန်းမာရေးနဲ့ သော်လည်းကောင်း၊ စီးပွားရေးနဲ့သော်လည်း ကောင်း၊ အာမခံချက်တစ်ခုလို ဖြစ်တယ်။ ဥပမာ ကျွန်တော် စီးပွားရေးတစ်ခု လုပ်ချင်တယ်။ (၅) သိန်း သော်လည်း ကောင်း၊ (၁ဝ) သိန်းသော်လည်းကောင်း၊ ထုတ်ပေးတယ်။ ဒီအရင်းအနှီးနဲ့ ကျွန်တော် လုပ်ကိုင်စားသောက်တယ်။ အရင်တုန်းက ကျွန်တော်တို့မှာ ဒီလို ထုတ်ပေးမဲ့သူလည်း မရှိခဲ့ဘူး။ ပြောရမယ်ဆိုရင် ကျွန်တော်မိဘတောင်မှ ဒီလို မထုတ် ပေးနိုင်ဘူးလေ။ ဒီလုပ်ငန်းကြီးက တော်တော်ကြီးကို အားထားရတဲ့ ကဏ္ဍကြီးပါ။

**ဒေါ်သက်သက်ဝင်း (အိမ်ရှင်မ၊ ကံငူကျေးရွာ၊ဂွမြို့နယ်၊ရခိုင်ပြည်နယ် )။** ။ ဒီ ပရောဂျက် ရောက်လာတဲ့အခါမှ တိုးတက်မှုက သူတို့ရဲ့ အတိုးနှုန်းသက်သာတဲ့ပုံစံလေးနဲ့ ထောက်ပံ့ပေးမှုကြောင့်သူ့ကို တစ်လမှ တစ်ခါ အရစ်ကျ လေးသွင်းသွင်းပြီး စုထားရတယ်။ အရင်တုန်းကဆိုရင် ဒီအိမ်က ဓနိမိုး၊ ထရံကာအိမ်လေးတွေပေါ့၊ ခုဆိုရင်သူဟာ နဲ့သူ ပျဉ်ထောင်၊ ပျဉ်ခင်း၊ သွပ်မိုးလေးတွေနဲ့ဖြစ်ကုန်တယ်။ တိုးတက်လာပါတယ်။

**အောင်ကျော်မိုး။** ။ အခုလို Lift Fund ရဲ့ ကူညီပေးမှုနဲ့ လှည့်ပတ်ရန်ပုံငွေတွေထောက်ပံ့ပေးနိုင်တာကြောင့် ဒီရေတော ထိန်းသိမ်းခြင်းလုပ်ငန်းတွေ အောင်မြင်မှု ဘယ်လောက် ရရှိနေပါသလဲ။ ကျေးရွာ ဖွံ့ဖြိုးမှုအခြေအနေက ရော ဘယ်လောက်များရှိပြီလဲ။ (03:30 – 03:46)

**ဦးစိုးနီလတ် (အဖွဲ့ဝင်၊ ရခိုင်ကမ်းရိုးတန်းဒေသ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအသင်း)။** ။ ကံငူကျေးရွာက ကျွန်တော်တို့ စီမံကိန်းရွာထဲက တစ်ရွာပါပဲ။ စီမံကိန်းစတင်ထဲက အိမ်ခြေပေါင်း (၆ဝ) နီးပါးလောက်ရှိတယ်။ အဲ့ဒီအားလုံးသည်ဟာ စီမံကိန်းနဲ့ လက်တွဲပူးပေါင်းဆောင်ရွက်ခဲ့တယ်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်း လုပ်ငန်း တွေ၊ အပ င်စိုက်ပျိုးခြင်း လုပ်ငန်းတွေမှာလည်း တက်တက်ကြွကြွ ပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့တယ်။ သူတို့ထိန်းသိမ်း ထားတဲ့ ဧရိယာတွေမှာလည်း ခုချိန်ထိ ကောင်းမွန်နေတာကို တွေ့ရတယ်။ နောက်တစ်ခုက စီမံကိန်းကနေပြီးတော့ သူတို့ အဆိုပြုလွှာအတိုင်း ချေးထားတဲ့ငွေတွေ၊ အဓိကကတော့ ရေလုပ်ငန်းလုပ်ဖို့အတွက် အဆိုပြုတယ်။ ရေ လုပ်ငန်းကိုလည်း သူတို့ အမှန်တကယ် အဆိုပြုတဲ့အတိုင်း တစ်ဦးချင်း ဆောင်ရွက်တာ ရှိသလို သုံး၊ လေးဦးပေါင်းပြီး လုပ်ဆောင်တာလည်း ရှိတယ်။ အမှန်တကယ် သူတို့ စီမံကိန်းကပေးတဲ့ Message တွေနဲ့ အမှန်တကယ် ဆောင်ရွက်တဲ့အခါမှာ စီမံကိန်းမတိုင်ခင်ကာလ၊ စီမံကိန်းကာလ အတွင်းနဲ့ အခု စီမံကိန်းအလွန် ကာလတွေမှာ သူတို့ ကျေးရွာက တော်တော်လေးကို အောင်မြင်တယ်၊ စီးပွားရေးအရ အတိုင်းအတာ တစ်ခုအထိ ကောင်းမွန်လာ တာကို တွေ့ရပါတယ်။

### အပိုင်း (၂) ဒီရေတောများ ထိန်းသိမ်းခြင်းဖြင့် သဘာဂဂေဟစနစ်ကြီး ရှင်သန်းဖွံ့ဖြိုးခြင်း

**အောင်ကျော်မိုး။** ။ပေါ်များကြွယ်ဝခြင်းရဲ့ နောက်ကွယ်မှာယိုယွင်းပျက်စီးမှု တွေကအမြဲတစေ လိုက်ပါနေပါတယ်။ ဒါကြောင့်သဘာဝတရားရဲ့ ကောင်းကျိုးကို ရေရှည်ခံစားနိုင်ဖို့အတွက် လူသားတိုင်းမှာတာဝန်ရှိပါတယ်။ အရင်က ဂွမြို့နယ်နှင့် **ကျိူ့နှလီ** မြို့နယ်တို့မှာ ဒီရေတော ထိန်းသိမ်းနိုင်မှုအားနည်းခဲ့တာကြောင့် ငါးသယံဇာတတွေ တဖြည်း ဖြ ဖြည်း လျော့နည်းလာပြီး အခက်အခဲတွေနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။ Lift Fund ရဲ့ အကူအညီနဲ့ Clear Project စီမံကိန်း ကို အဲဒီဒေသမှာ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့တာကြောင့် ဒေသခံတွေဟာ ဒီရေတောတွေကို ထိန်းသိမ်း နိုင်တဲ့ အသိပညာတွေ ရရှိလာပါတယ်။

**ဦးသိန်းဝင်း (ဥက္ကဌ၊ ကံငူကျေးရွာ၊ ဒီရေတောထိန်းသိမ်းရေးကော်မတီ)။** ။ဒီရေတောတွေက ကျွန်တော်တို့အတွက် တကယ် မရှိမဖြစ်လိုအပ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီရေတောတွေက Ecosystem အရဆိုရင် ဒီဂေဟစနစ်ကြီး ပျက်သွားပြီဆိုရင် ငါးလည်းမရှိတော့ဘူး။ သဘာဝဘေးအန္တရာယ်တွေလည်း တအားကြီး ဝင်လာမှာပါ။ ဒီနေရာ ဆိုရင်လည်း ကျွန်တော်က ရခိုင်ပြည်နယ်က မုန်တိုင်းမကြာခဏ ဝင်ပါတယ်။ ဒီနေရာဆိုရင် ကျွန်တော်တို့ ဒီရေ တောတွေထိန်းထားတဲ့အတွက် တော်တော်လေး လွတ်သွားပါတယ်။ အရင်တုန်းကဆိုရင် လက်ရှိ ရှိနေတဲ့ ဒီရေ တောတွေဟာ ခုတ်လွန်တောပျက်အဆင့်မှာ ရှိပါတယ်။ အခုက ကျွန်တော်တို့ ထိန်းလိုက်တဲ့ ၃၊ ၄ နှစ်တာ ကာလ အတွင်းမှာ ဒီရေတောတွေက တော်တော်လေးပြန်ကောင်းမွန်လာပါပြီ။ ဒီရေတောတွေက ခုတ်လွန်တောပျက် အဆင့် တုန်းက ဆိုလျှင် ဂဏန်းတွေ၊ ငါး၊ ပုစွန်တွေရှာရတာ တော်တော်ကို ခဲယဉ်းပါတယ်။ ခုလိုတောတွေပြန် ကောင်းလာ လို့ ငါး၊ ပုစွန်တွေ ပြန်ပြီးပေါလာ ပါတယ်။ နောက်ပြီး ပင်လယ်ပြင်မှာဆိုရင်လည်း အရင်ကထက် ငါးရှာလို့ ပိုပြီး လွယ်ကူလာတယ်ပေါ့။

## အပိုင်း (၃) ရပ်ရွာအခြေပြု ဒီရေတောများ ထိန်းသိမ်းရေးလုပ်ငန်းနှင့် စိန်ခေါ်မှုများ

**အောင်ကျော်မိုး။** ။ ရခိုင်ကမ်းရိုးတန်းဒေသ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအသင်းကလည်း ရခိုင်ပြည်နယ် အတွင်းရှိ ဂွမြို့နယ် နှင့် **ကျိူ့နှလီ** မြို့နယ်တို့မှာဒီရေတော ထိန်းသိမ်းနိုင်ရေးလုပ်ငန်းတွေကို ကျေးရွာလူထုတွေနဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်။ အစုအဖွဲ့ပိုင် သစ်တောများ တည်ထောင်ခြင်းအပြင် ပျက်စီးနေတဲ့ဒီရေတောတွေကို အသစ်ပြန်လည် စိုက်ပျိုးခြင်းတွေ ဆောင်ရွက်နေခြင်း ဖြစ်ပါတယ်။ လက်ရှိမှာ ဓနိတောတွေအပါအဝင် ဒီရေတော ဧကပေါင်း (၁၂၀၀၀) ကျော် ထိန်းသိမ်းထားပါတယ်။ ဒီလို ထိန်းသိမ်း လာတာဟာ အချိန်ကာလ ဘယ်လောက်ရှိပြီ လဲ၊ ဒေသခံတွေအတွက်ရော ဘယ်လောက် အကျိုးကျေးဇူးရရှိနိုင်မလဲ ဆိုတာကို သွားရောက် မေးမြန်းထားပါတယ်။

**အင်တာဗျူး**

**အောင်ကျော်မိုး။** ။ ဆရာ ဒီ ဒီရေတောရဲ့ နေရာလေးက ဘယ်လိုနေရာလေးလဲ ဆရာ။ ဒီရေတော အကြောင်း နည်းနည်းလောက် ပြောပြပေးပါအုံးလားဆရာ။

**ဒေါက်တာ မောင်မောင်ကြည် (ဥက္ကဌ၊ ရခိုင်ကမ်းရိုးတန်းဒေသ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအသင်း)။** ။ ရခိုင်ပြည်နယ် တောင်ပိုင်း၊ ဂွမြို့နယ်၊ **ကျိူ့နှလီ**ချောင်းရဲ့ လက်တက်ဖြစ်တဲ့ ရေသိုးကြီးဆိုတဲ့ ချောင်းကလေး ဇရိယာ ဖြစ်ပါတယ်။ ကျွန်တော်တို့ အဖွဲ့ကအနေနဲ့ ထိန်းသိမ်းလာတာကတော့ ၂၀၁၆၊ ၂၀၁၇ က စပါတယ်။ နောက်ပိုင်း ၂၀၁၀ လောက်မှာတော့ NGO အဖွဲ့ကြီးတွေနဲ့ တွဲပြီးတော့ အများကြီး လုပ်လာနိုင်တာပေါ့။

**အောင်ကျော်မိုး။** ။ ဒီရေတောထိန်းသိမ်းခြင်းလုပ်ငန်းကပေါ့လေ ဒီနားရွာတွေက တပိုင်တနိုင်တံငါလုပ်ငန်း လုပ်ကိုင် နေကြတာ ဒါနဲ့ပတ်သက်ပြီး ဒီရေတောက သူတို့အတွက်ဘယ်လောက်အကျိုးဖြစ်ထွန်းမှုတွေရှိစေလဲ ဆရာ။

**ဒေါက်တာမောင်မောင်ကြည် (ဥက္ကဌ)။** ။ ဒီရေတောကောင်းလို့ရှိရင် ငါးပုစွန်၊ ဂဏန်းတွေမှီတည်နေတဲ့အတွက်ကြောင့် သူတို့အတွက် ဟင်းစားရှာဖွေရတာ၊ ရောင်းဖို့အတွက် လွယ်လွယ်ကူကူ ဖေါဖေါသီသီနဲ့ ထုတ်လုပ်နိုင်တာပေါ့။

**အောင်ကျော်မိုး။** ။ ရခိုင်ပြည်နယ်မှာဒီရေတောတွေကို ဘယ်အချိန်တည်းက စတင်ပြီး ထိန်းသိမ်းလာလဲ။ ဆရာသိသလောက်လေး ပြောပြပါလား။

**ဒေါက်တာမောင်မောင်ကြည်။** ။ များများစားစားထိန်းတာကတော့ ဒီဆယ်စုနှစ်ထဲမှာမှ ဖြစ်ပါတယ်။ ကျွန်တော်တို့လည်း ထိန်းသိမ်းတဲ့အဖွဲ့ထဲမှာ ရှေ့ပြေးအနေနဲ့ပေါ့လေ။ ကျွန်တော်တို့တတ်သလောက်၊ ဒေသက ဗဟုသုတလေးတွေနဲ့ပေါ့။ ဥပမာတစ်ခုပြောမယ်ဆိုရင် ဖြူ့သီးတောင့်တွေ သဘာဝအတိုင်းကြွေကျလာတယ်။ ပြီးတော့ စိုက်နေတယ် ရှင်သွားတယ်ဆိုရင် ဒီဖြူ့သီးတောင့်အရင့်တွေကို ခူးပြီးစိုက်ရင် ရှင်တယ်ဆိုတဲ့ ဗဟုသုတမျိုးပေါ့လေ အဲဒါမျိုးနဲ့ ကျွန်တော်တို့က စပြီးစိုက်ခဲ့တာဖြစ်ပါတယ်။ နောက်ပိုင်းမှ ကိုယ့်အားကိုယ်ကိုးပြီး ကိုယ့်ဘာသာကိုယ်လုပ်လာတဲ့တောတွေ၊ အခုလည်း သေချာအောင်မြင်နေပါတယ်။ နောက်ပိုင်းတော့ ဒီရေတောပညာရှင်တွေနဲ့ မြန်မာနိုင်ငံက ထိပ်ပိုင်းဆရာကြီးတွေနဲ့ သင်တန်းတွေယူပြီးလုပ်တဲ့အခါမှာ ပိုပြီးတော့ ကျယ်ကျယ်ပြန့်ပြန့် ပြုစုပျိုးထောင်စိုက်ပျိုးလာနိုင်တဲ့ အဆင့်ကို ရောက်လာတာပေါ့။

**အောင်ကျော်မိုး။** ။ဆရာတို့ အခုလို ဒီရေတောတွေ ထိန်းသိမ်းလာတော့ ပတ်ဝန်းကျင်မှာနေတဲ့ ဒေသခံ ပြည်သူ တွေကရော ဆရာတို့နဲ့အတူ ပူးပေါင်းဆောင်ရွက်နိုင်မှု အနေအထား ဘယ်လိုလေးတွေ ရှိလဲဆရာ။ အဲဒါလေးကို လည်း နည်းနည်း လောက် ပြောပြပေးပါအုံးဆရာ။

**ဒေါက်တာမောင်မောင်ကြည်။** ။ အရင်တုန်းက ဒီရေတောဟာ ခုတ်ချင်တဲ့လူ သွားခုတ်၊ လိုတဲ့အချိန်မှာ သွားခုတ်၊ လိုတဲ့ဟင်းသီးဟင်းရွက်ကို သွားခူး၊ လိုတဲ့အကောင်ကို ဖမ်းစား၊ အဲလိုပဲ သဘာဝရဲ့ အိစသသယ ကြီးလိုပေါ့၊ နောက်ကျတော့ တနိုင်တပိုင် ဒေသသုံးတွေတင်မဟုတ်ပဲ၊ တခြားဒေသတွေဆီကိုပါ တင်ပို့ရောင်းချ၊ သစ်ပင်တွေဆိုလည်း ထင်းခုတ်ရောင်းချ၊ ကိုယ့်ဒေသတင်သုံးတာမဟုတ်တော့ပဲ၊ နောက်ဆုံးဆို ရန်ကုန်ကိုမီးသွေးဖုတ် ရောင်းတဲ့အဆင့်အထိ ရောက်လာတဲ့အခါ တောတွေ ပျက်လာတော့တာ ပေါ့နော်။ ပျက်လာတဲ့အခါ ဒါကို ကျွန်တော် တို့ကပဲ ဦးဆောင်ပြီးတော့ ဒေသသားတွေကို အမြင်ဖွင့်ပြီးတော့၊ နောက်ပိုင်းမှာတော့ ကျွန်တော်တို့ ပြောရမယ် ဆိုလို့ရှိရင် Clear Project ဆိုတဲ့ LIFT Fund ကနေ ထောက်ပံ့တဲ့ ဂွမြို့နယ် ဒီရေတောထိန်းသိမ်းရေး စီမံကိန်း အကြီးကြီးတစ်ခု ဝင်တဲ့အခါကျတော့ ကျွန်တော်တို့က ဒီဂွမြို့နယ်မှာ ဒီရေတောအပင်ပေါင်း ကို (၅) သန်းကျော် လောက်ထိ ပြန်လည်စိုက်ပျိုး နိုင်ခဲ့တယ်။ နောက်တစ်ခုက အဲလိုစိုက်ပျိုးနိုင်ဖို့အတွက် ကျွန်တော်တို့ စည်းရုံးပြီးတော့ ဒီရေတော လုပ်သားအဖွဲ့တွေ ဖွဲ့စည်းပြီးတော့ ကျေးရွာစုစုပေါင်း (၆၂) ရွာမှာ ဒီရေတောနဲ့ထိစပ်နေတဲ့ ဒီရေတောကို မှီခိုနေတဲ့ ရွာပေါင်း (၄၂) ရွာမှာ ဒီရေတော ထိန်းသိမ်းရေးကော်မတီတွေဖွဲ့ပြီး ကျွန်တော်တို့က တနယ်လုံးက ဒီရေတောတွေကို စတင်ပြီး အင်နဲ့အားနဲ့ ထူထောင်ထိန်းသိမ်းလာနိုင်ခဲ့ပါတယ်။

**အောင်ကျော်မိုး။** ။ ခုဆိုရင် ဒီရေတောကြောင့် ပတ်ဝန်းကျင်မှာ တော်တော်လေးကို စိမ်းစိမ်းစိုစိုနဲ့ အပင်မြင့်တွေများလာပြီ။ ဒီနောက်မှာဆိုလည်း အပင်ကြီးတွေကို ထူးထူးခြားခြားတွေ့ရတယ်ပေါ့နော်။ သူတို့နဲ့ ပတ်သက်ပြီးတော့မှ ထူးထူးခြားခြား တိုးတက်ပြောင်းလဲလာပုံ လေးကိုလည်း ဆရာ ပြောပြပေးပါအုံး။

**ဒေါက်တာမောင်မောင်ကြည်။** ။ ကျွန်တော်တို့ ဒီရေတောတွေကို ထိန်းသိမ်းလာတဲ့အခါကျတော့ နွယ်တွေအုပ်နေတဲ့အခါမှာ အပင်တွေမကြီးနိုင်ဘူး။ အဲ့ဒါတွေကို သေချာ ပေါင်းရှင်းလုပ်လာတဲ့အခါကြတော့ အပင်တွေတအားကြီးမြန်ပါတယ်။ ပြီးတော့ဒီရေက တစ်နေ့ကို (၂) ကြိမ်အတက်အကျ ရှိတယ်။ နောက်ပြီး ဆရာတို့မြင်တဲ့အတိုင်း ရေတွေကမှုန်ပြီး မြေသြဇာပိုကျတာပေါ့။ ပိုပြီးအလင်းဖွင့်ပေးလိုက်ရင် တအားကို အကြီးမြန်ပါတယ်။ တောင်ပေါ်သစ်တောတွေထက်ကို ပိုပြီးအကြီးမြန်ပါတယ်။ ကျွန်တော်တို့ ထိန်းသိမ်းစောင့်ရှောက်လာတယ်။ ကျေးရွာတွေမှာလည်း သူ့နယ်နမိတ်နဲ့သူ ၊ ဒါကတော့ ဘယ်ရွာအပိုင်ပေါ့နော်၊ ဒါကတော့ **ကျို့နှလီ** အမှတ် (၁) အစု အဖွဲ့ပိုင်တော စသည်ဖြင့် ကိုယ့်တောလေးတွေကို ဆရာတို့မြင်တဲ့အတိုင်း လမ်းမှာ ပေါင်းရှင်းလုပ်ငန်းတွေပါ လုပ်လာတယ်ပေါ့။ အဲဒီလို လုပ်လာတော့ သစ်တော ထွက်ပစ္စည်းအနေနဲ့လည်း သူတို့ထုတ်ယူသုံးစွဲလို့ရတယ်။ နောက်ပြီး

ဒီရေတော ပိုပြီးစည်ကားလာတဲ့အခါ ဒီရေတောကို မှီတည်နေတဲ့ သတ္တဝါတွေ ဂဏန်း၊ ပုစွန်၊ ငုံးက အစပိုပြီး များပြားလာတာပေါ့။ ပိုပြီး ထုတ်လုပ်လာနိုင်တာပေါ့။

**အောင်ကျော်မိုး။** ။ ဒီရေတောမှာ ဆရာအစောက ပြောသွားတဲ့ အချက်ထဲမှာပေါ့၊ အပင် (၅) သန်းဆိုတာ ပါတယ်။ ဒီရေတော ဧရိယာက ပိုပြီးကျယ်ပြန့်လာတာလား။ ဘယ်လောက်ထိ ပိုပြီးကျယ်ပြန့် လာသလဲ ဆရာ။ ဒီက ဒီရေတော အနေ အထားပေ့ါလေ ဆရာ။

**ဒေါက်တာမောင်မောင်ကြည်။** ။ ဝွတမြို့နယ်လုံးမှာ ဒီရေတော စုစုပေါင်း ဧရိယာ တစ်သောင်းနဲ့ နှစ်ထောင် ကျော်ကျော်လောက် ရှိပါတယ်။ သို့သော် ခနိခင်းတွေလည်း ပါတယ်ပေ့ါ။ ခနိခင်းတွေကို ပယ်လိုက်တဲ့အခါမှာ (၈၀၀၀) နီးနီးလောက်ရှိတာပေ့ါ။ ဒီရေတောသီး သန့်ပေ့ါ။ ဒီတောတွေထဲမှာ အရင်တုန်းကတင်ပြခဲ့သလိုပေ့ါ။ ခုတ်လွှန် တောပျက်တွေရှိတယ်။ တချို့ဟာတွေက မြေအသစ်ထွန်းလာတာ တွေရှိတယ်။ အဲလိုဟာတွေဆိုတော့ တချို့ ခုတ်လွှန်တောပြုတ်တွေကို (၅) ဧက (၃) ဧက စသည်ဖြင့် အကုန်ပြန်စိုက်လိုက်ပါတယ်။ တချို့ သောင်ထွန်းလာတဲ့ သောင်ခုံတွေမှာဆို မနေ့က မြင်ခဲ့ရသလိုပေ့ါ အဲလိုအသစ်ထွန်းလာတဲ့ မြေတွေမှာလည်း ကျွန်တော်တို့က စိုက်တာ ပေ့ါ။ အဲဒီတော့ ဒီရေတော ဧရိယာဟာ ၁၂၀၀၀ ထက် နည်းနည်းပါးပါးပဲ ပိုမယ်။ သို့သော်လည်း ပျက်စီးသွားတဲ့ သုံးမရတဲ့ဘဝကို ရောက်သွားတဲ့ အလဟာသတ်ဖြစ်သွားတဲ့ မြေကြီးတွေမှာ ဒီရေတောကို ပြန်ပြီးမူမပျက် စိုက်ပျိုး ထိန်းသိမ်းနိုင်ခဲ့တာပေ့ါ။

## အပိုင်း (၄) ဒီရေတောများ၏ ရေလုပ်သားများအပေါ် အကျိုးကျေးဇူးများ

**အောင်ကျော်မိုး။** ။ ဒီရေတောနဲ့ ငါးသယံဇာတ ဖွံ့ဖြိုးမှုဟာ အပြန်အလှန် ဆက်စပ်နေတာကြောင့် အခုလို ငါးပေါက်ဖွားနိုင်တဲ့ နေရာတွေကို ထိန်းသိမ်းခြင်းဟာ တနိုင်တပိုင်ရေလုပ်ငန်းလုပ်ကိုင်နေသူများအတွက် မိသားစု စားဝတ်နေရေးကို အများကြီးအထောက်အကူ ရရှိစေမှာပါ။  ရေလုပ်သားတွေကရော အမှန်တကယ် ဒီရေတောတွေကို ထိန်းသိမ်းနိုင်ဖို့ ဘယ်လောက်ထိ အသိပညာတွေရရှိနေကြပြီလဲ။

**ဦးအောင်မင်း (ရေလုပ်သား၊ ရဟိုင်ကူတို့ ကျေးရွာ၊ ဝွမြို့နယ်၊ ရခိုင်ပြည်နယ် )။** ။ ဒီရေတောတွေကို ထိန်းသိမ်းရမယ်။ ကိုယ့်အနေနဲ့လည်း တတ်နိုင်သလောက် ထိန်းသိမ်းရမယ်။ ဒီရေတောတွေရှိနေသရွေ့ ရှင်သန်နေသရွေ့၊ ငါးတွေပေါက်ဖွားမှုရှိမှ ကျွန်တော်တို့ တွေလည်း ရှာဖွေနိုင်မှု စွမ်းအားတွေလည်း တိုးတက်လာလိမ့်မယ်။ ဒီရေတောတွေ ပြုန်းတီးနေရင် ကျွန်တော်တို့ ငါးဖမ်း နိုင်မှု၊ ရှာဖွေနိုင်မှု အင်အားတွေနည်းလာမယ်။ ဒါကြောင့်မို့လို့ ဒီရေတောကို စောင့်ရှောက်ဖို့က ကျွန်တော်တို့မှာလည်း တာဝန်ရှိပါတယ်။

**ဦးမောင်ဖြူ (ရေလုပ်သား၊ အောက်ဘဝင်ကျေးရွာ၊ ကျိူက္ကလီ မြို့နယ် ၊ ရခိုင်ပြည်နယ်)။ ။** ဥပဒေအကြောင်းကတော့ ဒီလောက် နားလည်ပြီး လုပ်တာတော့ မဟုတ်ပါဘူး။ တောနေတောသားအနေနဲ့ အသိပညာပေးတွေ ပေ့ါ။ ဒီလိုမျိုး စောင့်ရှောက်လိုက်မယ်ဆိုရင် ပိုကောင်းတာပေ့ါ။ ကိုယ့်ကိုယ်ပိုင် ဉာဏ်နဲ့လည်း သိလာတယ်လေ။ တဖက်ကလည်း ထိန်းသိမ်းစောင့်ရှောက်တယ်။ တဖက်ကလည်း ကိုယ့်တဝမ်းတခါးအတွက် ရှာဖွေ စားသောက်တယ် ။ အဲဒီအတိုင်းပဲ လုပ်ကိုင်ဆောင်ရွက်လာတဲ့ အနေအထားမှာ နှစ် နှစ်၊ သုံး နှစ်လောက်ဆိုရင် တို့ချောင်းတွင်းထဲမှာ ငါးတွေက ဘယ်လောက်တိုးပွားလာမလဲဆိုတဲ့ အတိုင်းအတာလောက်ပဲ ရှိသေးပါတယ်။

**အောင်ကျော်မိုး။** ။ ရခိုင်ပြည်နယ်မှာ ၂၀၁၄ ခုနှစ် စက်တင်ဘာလ (၄) ရက်နေ့မှ စတင်ပြီး ရေချိုငါးလုပ်ငန်း ဥပဒေကို ပြဋ္ဌာန်းခဲ့ပါတယ်။ ကျေးရွာအခြေပြု ပေါင်းစည်း ငါးလုပ်ငန်းများ လုပ်ကိုင်နိုင်ရေးနဲ့ ငါးများနေထိုင် ကျက်စားရာ နေရာတွေမှာ ငါးဖမ်းကွက် ဧရိယာများ သတ်မှတ်ပြီး အလေးထားဆောင်ရွက် နေပါတယ်။ ဒီလို ဆောင်ရွက်မှုတွေက အဲဒီဒေသမှာ ရှိတဲ့ ပြည်သူတွေအတွက် ဘယ်လောက်အကျိုးကျေးဇူး ရရှိစေမလဲ။

**ဦးအောင်အောင်နိုင်(Coalition Facilitator Pyo Pin Programme)။** ။ ဒီရေတောနဲ့ သားငါးနဲ့က ခွဲခြားလို့မရပါဘူး။ ဒီရေတောရှိတဲ့နေရာဟာ တနည်း အားဖြင့် ငါးရစ်ငါးသန် တောတစ်ခုပါပဲ။ ဒီရေတောရှိတဲ့နေရာမှာ သား၊ ငါးတွေ ပိုပြီးပေါများပါတယ်။ ဒီရေတောတွေက သဘာဝပတ်ဝန်းကျင် အရင်းအမြစ်တွေ ထိန်းသိမ်းစောင့်ရှောက်တဲ့နေရာမှာ အင်မတန်မှ အရေးကြီးပါတယ်။ ဒီရေတောတွေဟာ သဘာဝ ဘေးအန္တရာယ်တွေကိုလည်း ကာကွယ်ပေးနိုင်တယ်။ အဲဒါကြောင့်မို့လို့ ဒီရေတောရှိတဲ့ နေရာတွေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ဖို့ကို ရခိုင်ပြည်နယ် ရေချိုငါးလုပ်ငန်း ဥပဒေနဲ့ အထောက်အကူပြုထားပါတယ်။ တနည်းအားဖြင့် ဒီရေတောကို ထိန်းသိမ်းစောင့်ရှောက်ဖို့၊ တနည်းအားဖြင့် ရပ်ရွာအခြေပြု စုပေါင်းစီမံခန့်ခွဲသောစနစ် လုပ်ဆောင်တဲ့နေရာမှာ ရပ်ရွာအခြေပြု အသိုင်းအဝိုင်းတွေကလည်း သူတို့လိုက်နာရမဲ့ စည်းမျဉ်းစည်းကမ်းတွေကို ဥပဒေဘောင်အတွင်းကရေးဆွဲပြီးတော့ အဲဒီ စည်းမျဉ်းစည်းကမ်း တွေအတိုင်း ရပ်ရွာအသိုင်းအဝိုင်းက ရေလုပ်သားတွေ၊ အစုအဖွဲ့တွေအားလုံးက လိုက်နာကြမှာ ဖြစ်ပါတယ်။ အဲလိုလိုက်နာမဲ့ စည်းမျဉ်း စည်းကမ်းတွေထဲမှာ ကျွန်တော်တို့ ဒီရေတောတွေကို ထိန်းသိမ်းစောင့်ရှောက်ဖို့ဆိုတဲ့ အချက်တွေက အဓိက ပါဝင်ပါတယ်။

**အောင်ကျော်မိုး။** ။ အခုလို ဒီရေတောတွေကို ထိန်းသိမ်းခြင်းအားဖြင့် ဂေဟာစနစ်များပြန်လည် ရှင်သန်လာပြီး သဘာဝမုန်တိုင်း ဘေးအန္တရာယ်တွေကိုလည်း အထိုက်အလျောက်ကာကွယ်မှု ရရှိစေမှာ ဖြစ်ပါတယ်။ တံငါလုပ်ငန်းလုပ်ကိုင်ကြသူတွေနဲ့ ပင်လယ်ကမ်းနာနေ ဒေသခံတွေအတွက် အကျိုးကျေးဇူးများစွာ ရရှိစေမှာ ဖြစ်ပါတယ်။ ဒီရေတော ထိန်းသိမ်းခြင်း လုပ်ငန်းတွေကို ပိုပြီးကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက် နိုင်ဖို့အတွက် ပင်လယ်ကမ်းရိုးတန်းနေ ဒေသခံပြည်သူတွေနဲ့ သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းများ ပြည်တွင်းပြည်ပ မိတ်ဖက်အဖွဲ့အစည်းများ၊ ပညာရှင်များ အားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်နိုင်မှသာ ရေရှည်မှာ ကမ်းရိုးတန်းဒေသ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်း ရေး လုပ်ငန်းများ အခုထက် ပိုမိုတိုးတက်အောင်ဆောင်ရွက်နိုင်မှာ ဖြစ်ကြောင်း တင်ပြလိုက်ရပါတယ်ခင်ဗျာ။

**ခင်သူဇာနွယ် (တင်ဆက်သူ)။** ။ ရုပ်မြင်သံကြားပရိတ်သတ်များရှင် ရခိုင်ပြည်နယ်မှာရှိနေတဲ့ ရေလုပ်သားတွေအနေနဲ့ LIFT Fund ရဲ့အထောက်အပံ့နဲ့ ချေးငွေများရရှိပြီး စီးပွားရေး အဆင်ပြေနေပြီ ဖြစ်ပါတယ်။ ရေလုပ်သားတွေဟာ သဘာဂပတ်ဂန်းကျင်ထိန်းသိမ်းရေးနဲ့ ဒီရေတောထိန်းသိမ်းခြင်းလုပ်ငန်းတွေမှာ ပူးပေါင်းဆောင်ရွက်နေပြီဖြစ်တဲ့အတွက် ရေသယံဇာတတွေဟာ ပိုမိုပေါကြွယ်လာမှာ ဖြစ်တဲ့အပြင် ကောင်းမွန်တဲ့သဘာဂပတ်ဂန်းကျင်တွေလည်း ပိုင်ဆိုင်လာမယ်ဆိုတဲ့အကြောင်းအရာတွေကို ရိုက်ကူးတင်ဆက်မှုကို ကျေနပ်နှစ်သက်လိမ့်မယ်လို့ မျှော်လင့်ပါတယ်ရှင်။

**နောက်ဆက်တွဲ (၁)။ ။ ဆွေးနွေးချက် မှတ်စုပုံစံ**

နေရာ။ ။ ____________________မြို့နယ် ၊ ကျေးရွာအုပ်စု၊ ______________________ကျေးရွာအုပ်စု ၊ _________________________ ကျေးရွာ

ဦးရေ။ ။ ( ) ဦး

ရေဒီယိုအစီအစဉ် အမည်။ ။ နေ့စွဲ။ ။

| စဉ် | ဆွေးနွေးသူ အမည် | ဆွေးနွေးချက်များနှင့် လေ့လာတွေ့ရှိချက်များ | ဆက်လက် ဆောင်ရွက်ရန် |
|---|---|---|---|
| | | | |